**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ် ၊ စက - ၆၁/e-Gov/၂၀၂၅ ( ၄၀၅ )

ရက် စွဲ ၊ ၂၀၂၅ ခုနှစ် ၊ မေလ ၂၉ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာဖြစ်သည့် Desktop Computer ၄စုံ အား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် အောက်ဖော်ပြပါ သတ်မှတ်စံချိန် စံညွှန်းနှင့် တင်ဒါစည်းကမ်းချက်များအတိုင်း ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ကုမ္ပဏီ/အရောင်းဆိုင်များ အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | **Desktop Computer Set** | **4 Sets** |
| | - Processor : Core i7 | |
| | - Memory : 8GB DDR 4 | |
| | - Harddisk : HDD 1TB (or) SSD 512 GB | |
| | - Graphic Card : Intel Integrated Graphics | |
| | - Optical Drive : DVD -RW | |
| | - Keyboard : USB Keyboard | |
| | - Mouse : USB Optical | |
| | - Monitor : Monitor | |
| | - UPS : 650 VA | |

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန တင်ဒါကော်မတီဝင်များ ရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်၊

(ခ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့် တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် တွင် P.O Cheque ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါ အောင်မြင်ခြင်းမရှိသော ကုမ္ပဏီ/အရောင်းဆိုင်များ၏ တင်ဒါစပေါ်ငွေအား ၇ ရက် အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်၊

(ဂ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်၊

(ဃ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့်ကုမ္ပဏီမှ Lot အလိုက်တင်သွင်းမည့် Desktop Computer နှင့် UPS ၏ Specification အား အသေးစိတ်ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီမှ တာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာ ပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်၊

(င) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေဖြစ်ရမည်၊

(စ) ပေးသွင်းမည့်လုပ်ငန်းတွင် အသုံးပြုမည့်ကုန်ပစ္စည်း၏ Specification မှာ ဌာနမှ ရွေးချယ်သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ် အရည်အသွေးအတိုင်းနှင့် ထုတ်လုပ်သည့်နိုင်ငံ C/O အတိုင်းဖြစ်ရမည်။ ပေးသွင်းရမည့် ပစ္စည်းများအား ရုံးအမှတ်(၃)၊ နေပြည်တော်အရောက်ပို့ဆောင်ပေးရမည်။ ပစ္စည်းများ၏ Specification သည် ဌာနမှရွေးချယ်သတ်မှတ်ထားသည့် Specification အတိုင်း ဖြစ်ရမည်၊

(ဆ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန် ၂% ဖြတ်တောက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးသွင်းရန် သဘောတူရမည်၊

(ဇ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀,၀၀၀/- နှုန်း ဖြင့် ဝန်ကြီးရုံး၊ e-Government ဌာနခွဲတွင် ဝယ်ယူရမည်ဖြစ်ပါသည်၊

(ဈ) တင်ဒါပုံစံများတင်သွင်းရာတွင် Desktop Computerနှင့်UPS များ၏ သတ်မှတ်အရည်အသွေး ၊ စံချိန်စံညွှန်းနှင့် တန်ဖိုးတို့ကို ပြည့်စုံစွာရေးသား ဖော်ပြရမည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် Desktop Computer ၄ စုံအား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် စိစစ် ဝယ်ယူသွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင်ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချသည့်နေ့ - (၂၉-၅-၂၀၂၅ မှ ၁၁-၆-၂၀၂၅ ရက်နေ့ထိ )
တင်ဒါကော်မတီဖြင့်

ဈေးနှုန်းစိစစ်မည့်ရက် - (သီးခြားထပ်မံအကြောင်းကြားပါမည်)

ကျင်းပမည့်နေရာ - တိုးချဲ့အစည်းအဝေးခန်းမ၊
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၃)၊ နေပြည်တော်

ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၈၅၁၈

အမြဲတမ်းအတွင်းဝန်
(မျိုးခိုင်ဝင်း ၊ လက်ထောက်အတွင်းဝန်)

**ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )**

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူး၊စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူး၊စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ရုံးအမှတ် (၃)၊ ရုံးအမှတ်(၅၂)ကြော်ငြာသင်ပုန်းများ
မိတ္တူကို

ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ စားသုံးသူရေးရာဦးစီးဌာန
ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်
မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်